သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။
ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# သခင်သုံးရင်



## သခင်သုံးရင်

### သိုးသူငယ်(ဒါးက)

ကမ္ဘာဦးက စ တဲ့ အပြစ်။
ကမ္ဘာ လူသားထုကို ရိုက်ခတ်ခဲ့လို့
ဗီဇအပြစ်တဲ့ ပါလာခဲ့တယ်။
သခင့်အချစ် အနစ် စစ်စစ်နဲ့
သွေးသွန်း ရွေးနှုတ်လို့ တဖန် ဖြူစင်ခဲ့တယ်။
နိုင်ငံတော် ဝင်နိုင်ဖို့က သခင့် ကျေးဇူးတော် သက်သက်ပါ။
ဝင်ကြေး က အကြွင်းမဲ့ ယုံကြည်ခြင်းတဲ့။
ယုံကြည်ခြင်း တစ်ခုဘဲ လိုတာပါ။
ကမ်းထားတဲ့ သခင့် လက်တစ်စုံကို အမိအရ ဆွဲထားလိုက်ပြီး။
ဒီအပြစ် နွံ့ ဝဲဂယက် ထဲက ရွေးနှုတ် အသုံးပြု ခံလိုက်ပါ။
သုညလေး ဖြစ်နေပါစေ။
သခင် သုံးရင် အသုံးဝင်ပါတယ်။ ။



သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်မိစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍
ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ
ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။
ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# စိုးရိမ်စရာလား

ဆယ်မြူရယ်စိုးလွင်

# စိုးရိမ်စရာလား

ဘဝ အခက်တို့ ကြုံချိန်
ရှေ့ရေးလည်း ငါ မမြင်နိုင်၊
တိကျလမ်းစဉ် ရေးရေး မထင်လည်း
ငါစိတ်မပျက် ဘုရားကို တိုးဖက်၏။
ပြဿနာတို့ ကြုံချိန်
အဖြေလည်း ငါ မမြင်နိုင်၊
တိကျလမ်းစဉ် မသိ မမြင်လည်း
ငါစိတ်မပျက် ဆုတောင်းလျှက် – – –။
နောင်ရေး မဟုတ်တဲ့
နောက်ရေးကို တွေးဆင်ခြင်
ငါ့အာရုံမှာ ထင်လာသည်က
သခင်ပြု အမှုများ ခံစားမြင်ယောင်
ရေမြင့် ကြာ လို ငါအမြဲ အောင်တာမို့
ရေ (ဒုက္ခ ပြဿနာ) မြင့်လာတာများ –
စိုးရိမ်စရာလားကွယ်။ ။



ဆယ်မြူရယ်စိုးလွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။
ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဗမ္ဘဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# လက်တို့ပြီးတော့မေးလိုက်အုံးမယ်

## လက်တို့ပြီးတော့မေးလိုက်အုံးမယ်(၁၈) (ဒယ်ဒီထွဋ်)



ဦးစွာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ မိတ်ဆွေ လက်တို့ပြီး မေးလိုက် အုန်းမယ်နော်။ သင့်ကို မည်သူက စောင့်ရှောက် နေသလဲ၊ ဘယ်လို စောင့်ရှောက် နေသလဲဆိုတာ သင် တွေးပူ နေပါသလား။ သင့် ယုံကြည်မှု အတွက်ကိုရော စဉ်းစား တွေးပူ နေတယ်မို့လား။ မိတ်ဆွေ အဲဒါတွေအတွက် အဖြေ ရှိတယ်နော်။ ဟေရှာယ ( ၂၆ း ၃-၄) မှာ အတိအလင်း ဆိုထား တယ်နော်။

"စိတ်နှလုံး တည်ကြည်သော သူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့် ငြိမ်သက်ခြင်း သက်သက် ရှိမည့်အကြောင်း စောင့်ရှောက် တော်မူ လိမ့်မည်။ ထာဝရဘုရား၌ အစဉ် အမြဲ ခိုလှုံ ကြလော့။ ထာဝရဘုရားသည် နိစ္စထာဝရ ခိုလှုံရာ ဖြစ်တော်မူ၏။ "

ဒီတော့ မိတ်ဆွေ ၊ အနန္တ တန်ခိုးရှင် ဖြစ်တဲ့ဘုရားက သင့်ကို စောင့်ရှောက် လိမ့်မယ်။ သင်ကသာ ဘုရားသခင်ကို အကြွင်းမဲ့ ယုံကြည်စိတ်ချ ကိုးကွယ်ဘို့ ့ အထူး လိုအပ်ပါတယ်။ သင့်နှလုံးသား ထဲမှာ နေရာပေးဖို့ အထူး အရေးကြီးတာ မမေ့ မလျော့ဘို့ အထူး သတိပေးချင်ပါတယ်။ ဖတ်ရှုသူ အယောက်တိုင်း သခင်ယေရှုကို နှလုံး ထဲမှာ ရှိကြပါစေလို့ ဆု တောင်းဆက်ကပ်ပါတယ်။ ( အာမင် ) ။ (ဒယ်ဒီထွဋ်)

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။
ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ရာဖေ့တွေ့ရှိတဲ့သိုးထိန်းနှစ်မျိုး(ဖွန်ပန်း)

ရာဖေ့တွေ့ရှိတဲ့သိုးထိန်းနှစ်မျိုး

တမျိုးကတော့၊ လောကအရာတွေ ဖြစ်တဲ့ လောကဒဏ်၊ လောကပျော်ရွှင်မှု၊ လောကရဲ့ အနိမ့် အမြင့်၊ လောက ဆိုးသွမ်းမှုတွေ မျိုးစုံအောင် ကျင်လည် ခံစားပြီးမှ သိုးထိန်း ဘဝကို ခံယူ ရောက်ရှိ လာတဲ့ သိုးထိန်း။ နောက်တမျိုးကတော့၊ လောက ဆင်းရဲ ခက်ခဲခြင်း တခုက လွဲပြီး မိမိရဲ့ အောင်မြင်မှု တခုအတွက် အဓိက စွမ်းဆောင် တတ်တဲ့ သိုးထိန်း။ လောကမှာ ဖြစ်ပျက်နေတဲ့ အရာအတော်များများ ကျမ ငယ်ငယ် လေးထဲက သိရှိနားလည် မြင်တွေ့နေရတယ်။ အရွယ်ငယ်တာက တကြောင်း၊ ငါနဲ့ မဆိုင်တဲ့ ကိစ္စလို့ သတ်မှတ်ခဲ့တာက တကြောင်း ကျမ မွေးလာထဲက ကျမ နှလုံးသား ထဲကို ဘုရား ထည့်ပေးလိုက်တဲ့ ရှုပါရုံမှန်း မသိသေးတာက တကြောင်း၊ တဖြေးဖြေးနဲ့ လောကထဲမှာ မတရားတဲ့အရာတွေ ကျမ ရှေ့မှာ မကြာခဏ ကြုံလာတဲ့အချိန် ကျမရဲ့ နှလုံးသားထဲ ထာဝရဘုရားကို နေရာ ပေးလိုက်တဲ့အချိန်မှာ၊ ကျမ ဆုတောင်းမိတယ် ကျမ ရှေ့မှာ မြင်တွေ့နေရတဲ့ မတရားခြင်းအရာတွေ၊ အပြောနဲ့၊ လက်တွေ့ ကိုက်ညီမှု မရှိတဲ့၊ အမှန်တကယ် ဖြစ်တတ်တဲ့ လောက သဘာဝတွေကို တနည်းနည်းနဲ့ ကိုယ်တော် အလိုရှိမယ်ဆိုရင် သမီးကို အသုံးပြုပါလို့ ကျမ ဆုတောင်းတယ်၊ ဘုရား၊ အဲ့ဒီကစပြီး အသုံးပြုခဲ့တယ်၊ ကျမကို ဘုရား အသုံးပြုတဲ့အရာက ထိုအရာ ဆိုတာ ကျမ ကောင်းကောင်း နားလည်ခဲ့တယ်။



စာရေးခြင်း ပါရမီကို ကျမ ငယ်ငယ် လေး ထဲက ရရှိခဲ့တယ်၊ ကျမ ပညာ မတတ်ခဲ့ဘူး၊ ဒါပေမဲ့ ကျမ ကျွမ်းကျင်တဲ့အရာက စာရေး ခြင်း။ ကျမရဲ့ ခံစားတဲ့ အရာတွေ၊ မကျေနပ်တဲ့ အရာတွေ မှန်သမျှ ကျမ နှုတ်က မထွက်ခဲ့ဘူး၊ စာအုပ် တအုပ်မှာဘဲ ကျမရဲ့ ခံစားသမျှ အရာတွေကို ချရေးပြီးတာနဲ့ ကျမ ရင်ထဲမှာ ရှင်းလင်းပေ့ါပါး သွားတတ်တယ်၊ ယနေ့ထိ ကျမ နှုတ်အားဖြင့် သက်သေခံတယ် ဆိုရင် တခါမှ ဆီလျော်အောင် မပြောတတ်ဘူး၊ ကျမ ရေးချင်တဲ့ အကြောင်းအရာနဲ့ အခြေခံပြီး အဲ့ဒီမှာ ဖွန်ပန်း ဆိုတာ ဖြစ်လာခဲ့ရခြင်းပါ။

အခု ကျမ ဖေါ်ပြတဲ့ သိုးထိန်းအကြောင်း ၂မျိုး ဆိုတာကတော့၊ အချိန် အ တော် ကြာကြာ စူးစမ်းလေ့လာမိတယ်၊ အချိန် မကျ သေးတာက တကြောင်း၊ ကျမရဲ့ မွေးရာပါ ဗီဇ အတိုင်း အရာရာကို အတွင်းကျကျ လေ့လာ အကဲခတ်တာက တကြောင်း၊ ဒီ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ကျမ ရေးသားဖို့ စီစဉ်လိုက်တိုင်း
အချိန် မကျသေးဘူးဆိုတဲ့ စိတ်ကို ဖေါ်ပြခြင်း ခံရတယ်၊ တလ တကြိမ် မှန်မှန် စာမူတွေ ပို့ပေးပါလို့ သခင့်စကား ဆရာ အယ်ဒီတာက မှာထားတဲ့အတွက်၊ ဒီလအတွက် ကျမ ဆုတောင်းမိတယ်။ သမီး ဘာရေးရမှာလဲ။ ခုထိ ခေါင်းစဉ် မရသေးဘူး ဆိုတော့ ဒီအကြောင်းအရာ ၂မျိုး ရေးဖို့ ဖေါ်ပြခြင်း ခံရတယ်။ ပထမ သိုးထိန်း ကတော့ ကိုယ်တော်ဘုရားက လွဲရင်၊ လောကမှာ ရှိရှိသမျှအရာတွေနဲ့ ကျင်လည် အသက်ရှင် နေထိုင်ရင်း နောက်ဆုံး လောကထဲကနေ ထွက်ရတော့မယ် ဆိုမှ၊ ကိုယ်တော်ဘုရားကို ဆာတင်စွာဖြင့် တောင့်တပြီး မိမိရဲ့ အသက် သခင် ကျေးဇူးရှင် ဖြစ်ရုံမကဘဲ၊ အထိန်းအကွပ်မရှိ လေလွင့်နေတဲ့ ထိန်းသူမဲ့ သိုးများကို တောရိုင်း တိရစ္ဆာန် ပေါင်းစုံရဲ့ ဘေးအန္တရယ်ကနေ သခင်ရဲ့ ကိုယ်စား စာနာမှု အပြည့်ဖြင့် ကွယ်ကာစောင့်မပြီး ဘေးကင်းမဲ့ နေရာကို လမ်းပြ ပို့ဆောင်ပေးတယ်။ အဲ့ဒီ သိုးထိန်းကတော့ သိုးထိန်းစစ် ဖြစ်ပြီး၊ နောက်သိုးထိန်း တမျိုးကတော့၊ ဘာ အပြစ်မှ မရှိဘူးလို့ မိမိကိုယ် မိမိ ခံယူထားတဲ့ လူစားမျိုး ငါ့မျိုးရိုး က သာသနာမျိုးရိုး။ မဟုတ်တာ ဘာမှ မလုပ်ဘူး။ မိဘတွေရဲ့ လမ်းပြ သွန်သင်မှု အောက်မှာ ကြီးပြင်း လာတာ ဆင်းရဲခက်ခဲတယ်၊ လူတွေရဲ့ အနှိမ်ခံမှု အောက်ကနေ ကြီးထွားလာ ခဲ့ရတာ၊ ထာဝရဘုရားကို ငယ်ငယ်လေးထဲက ယုံကြည် လက်ခံပြီး၊ ဘုရားရဲ့ ကျေးဇူးတော်၊ ဘုရားရဲ့သနားခြင်း၊ ဘုရားသခင်ရဲ့ ဂတိတော်နောက် လိုက်လျောက်လို့ ထာဝရ ဘုရား ခန့်အပ်ခြင်း ခံရသော ထိုသိုးထိန်းများ။ (ငါပြောသလို လုပ် ငါ လုပ်သလို မလုပ်နဲ့) ဆိုတဲ့ စာနဲ့ အညီ၊ ဆင်းရဲခက်ခဲမှုတွေကနေ ဖြတ်သန်း လာခဲ့ရတဲ့ အတွက်၊ မိမိ သိုးစုတွေရဲ့ အခက်အခဲတွေကို မိမိကို ထာဝရဘုရားက ပေးထားတဲ့ ဝိညာဉ် ဆုကျေးဇူးတွေကို အသုံးချပြီး စေတနာ ရှေ့ထား သလိုမျိုးနဲ့ ဒီ သိုးကတော့ ငါနဲ့ မထိုက်တန်ဘူး။ ဒီသိုးကတော့ အရောင်က မွဲခြောက်ခြောက်၊ ဒီသိုး ကတော့ ဆိုပြီး အမျိုးမျိုး အဆင့်တွေ ခွဲထားပြီး မိမိကို ယုံကြည်စွာ အပ်နှံထားတဲ့ ထာဝရ ဘုရားရဲ့ သိုးတွေကို သူ့ စိတ်ကြိုက် ရွေးချယ်ပြီး ချက်စား သတ်စား နေတဲ့ သိုးထိန်း၊ တော တိရစ္ဆာန်ရဲ့ ဘေးကနေ ကာကွယ် ပေးရမဲ့အစား မိမိ ကိုယ်တိုင် တော တိရစ္ဆာန် သဖွယ် ပြုမူနေတဲ့ သိုးထိန်းတွေ လောကမှာ အတော်များများ ရှိနေတယ် ဆိုတာ ထာဝရ ဘုရားရဲ့ ဝိညာဉ်တော်က ဖေါ်ပြခြင်း ဖြစ်ပါတယ်၊

ဒီလို ဖေါ်ပြလို့ ကျမ အပြစ်ကင်းသူ တယောက် မဟုတ်ပါဘူး၊ သိုးထိန်း အတော်များများက ကျမ တို့ကို သွန်သင်တယ်၊ ဆရာတွေရဲ့ အပြစ်ကို လူတွေ မစီရင်ရဘူးတဲ့၊ ဘုရားကဘဲ စီရင် လိမ့်မယ်တဲ့။ မှန်ပါတယ်။ ကျမ လက်ခံပါတယ်၊ သိုးတွေအပြစ် လုပ်ရင် သိုးထိန်း တွေက ချက်ချင်း သိတယ်လေ၊ သိုးထိန်းတွေ အပြစ်လုပ်ရင် သိုးတွေ မသိသလို၊ သိရင်လဲ ပြောပြ ပိုင်ခွင့်မရှိဘူး၊ ဒါပေမဲ့ ထိုသိုးစုတွေ ပြောပြလို့ ရတဲ့အဓိက အရှိဆုံး ကတော့ သိုးပိုင်ရှင် သခင်ကို အားလုံး ပြောပြပိုင်ခွင့် ရှိပါတယ်၊ (၁ကော၊၁:၂၇-၂၉)

ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်းငှါ၊ လောကီအရာ၌ မိုက်မဲသော သူတို့ကို ရွေးကောက်တော်မူ၏။ အစွမ်းသတ္တိ ရှိသောသူတို့ကို ရှက် ကြောက် စေခြင်းငှါ၊ လောကီ အရာ၌ အားနည်းသော သူတို့ကို ရွေးကောက် တော်မူ ၏။ ထို့ကြောင့်၊ ဘုရား သခင် ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာ အကြောင်း မရှိ။ (ဆာလံ ၁၄:၃) လူအပေါင်းတို့သည် လမ်းလွဲ ကြပြီ၊ တညီ တညွတ်တည်း ဆွေးမြေ့ ယိုယွင်းခြင်း ရှိကြ၏၊ ကောင်းသော အကျင့်ကို ကျင့်သောသူ မရှိ၊ တယောက်မျှ မရှိ။ (အာမင်) {ကိုယ်ချင်းစာ တရား ပြည့်ဝပြီး အဆင့်ခွဲခြားမှု မရှိတဲ့ သိုးထိန်းကောင်းများ ဖြစ်နိုင် ကြ ပါစေ}။ ။ မေတ္တာဖြင့် * ဖွန်ပန်း



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂနိုဝါဒ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဥ်ထုတ်ဝေသည် ဝ ညာဥ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။ ဧဖက် ၄:၂၁

အမှတ်စဥ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

# ကယ်တင်ခြင်း ဆယ်မြှုရယ်စိုးလွင်

# ကယ်တင်ခြင်း



*၁။ကယ်တင်ခြင်းဟူသည်။*

ကယ်တင်ခြင်း ဆိုသည်မှာ လူသားတို့အား အပြစ်စီရင်ခြင်းမှ လွတ်မြောက်စေရန်၊ အပြစ် ခွင့်လွှတ်ခြင်းကို ပေး၍၊ ဘုရားသားဖြစ်ရခြင်းအခွင့်နှင့် အတူ ထာဝရ အသက်ကို ပေးတော်မူသော ဘုရားရှင်၏ လုပ်ဆောင်ပေးချက်ပင် ဖြစ်သည်။

*၂။ ကယ်တင်ခြင်းလိုအပ်မှု။*

နာမ်သက် ဝိညာဥ် မဲ့နေသောလူတို့သည် ဘုရားရှင်ထံမှ ကယ်တင်ခြင်းကို ခံယူ ရရှိရန် အလွန်လိုအပ်လှပေသည်။ ကယ်တင်ခြင်း မရရှိပါက အပြစ် စီရင်ခြင်း၌သာ ကျရောက် ရပေမည်။ သမ္မာကျမ်းစာက လူသားတို့အခြေအနေကို အမှန်အတိုင်း ဖွင့်ဆို ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

က။ နံဝိညာဥ်သေနေသူ။

လူသည် ဗီဇသဘောအရ အပြစ်၌သေနေသူအဖြစ် သမ္မာကျမ်းစာကဆို၏ (ဧဖက် ၂း၁–၅)၊ ရုပ်ခန္ဓာ အားဖြင့် ရှင်နေသော်လည်း၊ နာမ်ခန္ဓာကား သေနေသူ ဖြစ်သည်။ တနည်းဆိုရပါက လူသေသည် ရုပ်အလောင်းအားဖြင့် အသုဘအိမ်တွင် ရှိနေ သော်လည်း မိဘဆွေမျိုး သားချင်းတို့ဖြင့် ဘာမျှ မသက်ဆိုင်၊ မလုပ်ဆောင်နိုင် သကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့် ဝိညာဥ်နာမ်သက် သေနေသောသူသည် ဘုရားသခင် နှင့် လုံးဝ ဆက်နွယ်၍ မရတော့ခြင်းပင် ဖြစ်သည်။

ခ။ ပျောက်ဆုံးနေသောသူ။

သဲကန္တာရထဲတွင် လူတဦးလမ်းပျောက်နေပါက အဘယ်လမ်း ရွေးရမည်ကို မသိနိုင် တော့ပေ။ အခြားသူတဦးကမတွေ့ရှိ၊ မကယ်တင်ပါက သူသည် သေဆုံးရန်သာ ရှိတော့သည်။ ထိုသို့နံဝိညာဥ် (သို့) နာမ်သက်သေ နေသူသည်လည်း ထိုနည်းတူပင် ဖြစ်သည်။ ငါသည် ပျောက်သော သူတို့ကို ရှာ၍ကယ်တင်အံ့သောငှါ ကြွလာတော်မူပြီ ( လုကာ ၁၉း၁၀) ဆိုသော ခရစ်တော်စကားကဲ့သို့ လမ်းပျောက်နေသော သိုးစုများပင် ဖြစ်သည်။ ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျှက်ရှိလျှင်၊ ဆုံးရှုံးခြင်း သို့ ရောက်သောသူတို့အားသာ ဖုံးအုပ်လျှက်ရှိ၏ ( ၂ ကော ၄း၃) ဟူသော ရှင်ပေါလု စကားသည် မှန်ကန်သင့်လျော် လျောက်ပတ်ပေ၏။

ဂ။ ဘုရားရှင်၏ ရန်သူ။

ရောမ ၅း၁၀၊ ၈း၇ တို့တွင် ကျွန်ုပ်တို့သည် ဘုရားရှင်၏ ရန်ဘက် ပြုသော သူများ အဖြစ် သမ္မာတရားက ဆိုထားပါသည်။ လူပေါင်း မြောက်များစွာသောသူတို့က ထိုကဲ့သို့ မတွေးကြပေ၊ မိမိတို့ကိုယ်ကိုမိမိတို့ ဘုရားအနွယ်ဝင်များဖြစ်ကြ၏ဟု တွေးထင် ထားကြသော်လည်း ခရစ်တော်အား လက်ခံကိုးစားခြင်းမပြုပါက သူသည် ဘုရားရှင်၏ တဖက်၌ ဆန့်ကျင်နေသောကြောင့် ရန်ဘက်ပြုသောသူ လုံးလုံး ဖြစ်ကြ ရလေသည်။

ဃ။ သမ္မာတရားကို မယုံကြည်သူ။

ဘုရားရှင်သည် သမ္မာတရား၏ အရှင်ဖြစ်သည်၊ လူ၏အဆိုး ဆုံးသော အရာ ကား ဘုရားတဖက်၌ ဆန့်ကျင်ကာ မယုံကြည်ခြင်းပင်ဖြစ်သည်။ မယုံကြည်သော သူတို့အား မယုံကြည်ခြင်းအပြစ်ကို ဝိညာဥ်တော်ဘုရားက ဖေါ်ပြစီရင်မည်အကြောင်း ခရစ်တော် မိန့်တော်မူခဲ့သည် ( ယော ၁၆း၈–၉)။ နိကောဒင်နှင့် တရားဓမ္မ ဆွေးနွေးသောအခါ ခရစ်တော်ဘုရားက "မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကို ခံရပြီ" ( ယော ၃း၁၈) ဟုမိန့်တော်မူခဲ့ပါသည်။

င။ စီရင်ခြင်းကိုခံရသူ။

အပြစ်တရားအတွက် စီရင်ခြင်းသည် လူသားအားလုံး အပေါ်၌ရှိကြောင်း ဘုရားရှင်က ဆို၏ ( ရောမ ၅း၁၈)။ အကြောင်းမူကား လူသားတို့သည် ပညတ် တော်ကို လွန်ကျူးကြသဖြင့် ဘုရားသခင့်ရှေ့တော်ဝယ် အပြစ်စီရင်ခြင်း ခံရမည့် အပြစ်သား အဖြစ် ရပ်တည်နေသောကြောင့်ပင်ဖြစ်သည်။

စ။ ကုသိုလ်တပဲ ငရဲတပိဿာပြုသူ။

ဟေရှာ ၆၄း၆ တွင် ကျွန်ုပ်တို့၏ ကုသိုလ်ကောင်းမှုသည် ညစ်သောအဝတ် အသွင် ဘုရားရှင် ရှေ့၌ ဖြစ်တည်နေကြောင်းဆို၏။ လူသည် လူနှင့် လူချင်း ကောင်း သောအမှုကိုပြုသော်လည်း အပြစ်တရားကြောင့် စီရင်ခြင်းခံထားရသောသူသည် ဘုရားရှင် ရှေ့၌ နှစ်သက်လက်ခံဖွယ်မရှိပါ။ ထို့ကြောင့်ပင် လူသည် ကုသိုလ် ကောင်းမှု အားဖြင့် အပါယ်ငရဲမှ မလွတ်မြောက်နိုင်။ လူတိုင်းသည် မျှော်လင့်ချက် ကင်းမဲ့ နေကြပြီးသည့် အခြေမို့ ဘုရားရှင်၏ ကျေးဇူးကရုဏာမှတပါး လွတ်မြောက်ရာလမ်း အခြား မရှိနိုင်တော့ပါ။

*၃။ ကယ်တင်ခြင်းသို့ရောက်ရာလမ်း။*

အခြေမဲ့သော အပြစ်သားသည် မည်သို့အပါယ်ငရဲမှ လွတ်မြောက် ရပါ မည်နည်း။ ထိုအရာအတွက် အောက်ဖေါ်ပြပါ အချက်များကို နားလည်ရန် လွန်စွာ အရေးကြီးလှပေသည်။

က။ တစ်ခုတည်းသော ကယ်တင်ရာလမ်း။

ယနေ့လူများစွာတို့သည် ဘာသာတရား မြောက်များစွာ ရှိသည့်အတိုင်း နှစ်သက်ရာ ဘာသာရေးအားဖြင့် ကောင်းကင်နိုင်ငံရောက်နိုင်သည်ဟု တွေးထင် ကြသည်မှာ မှန်ကန်သောအရာမဟုတ်ပါ။ ဘုရားဟူသည် တစ်ဆူတည်း ဖြစ်သောကြောင့် ထိုဘုရားရှင် ပြင်ဆင်ပေးသော ကယ်တင်ခြင်းလမ်းမှ တပါး အခြားလမ်း မရှိပါ။ "ယေရှုက ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်း ဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ" ( ယော ၁၄း၆)ဟု မိန့်တော်မူခဲ့လေသည်။ ပေတရုကလည်း ထိုနည်းတူစွာ "ထိုသခင်၏ နာမတော်မှ တပါး ငါတို့ကို ကယ်တင်နိုင်သော နာမ တစ်စုံတစ်ခုမျှ ကောင်းကင် အောက် လူတို့တွင် မပေါ်မရှိ" ( တမန် ၄း၁၂) ဟုဆိုခဲ့သည်။ လူတို့သည် ကယ်တင်ရာ လမ်း၊ လွတ်မြောက်ရေးလမ်းကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထွင်ကြသော်လည်း ဘုရားရှင် ရှေ့တော်တွင် လက်ခံနိုင်ဖွယ်ရာအခြေသို့ မရောက်နိုင်ပါ ( သုတ္တံ ၁၄း၁၂)။ ထို့ကြောင့် လူတို့သည် မည်မျှပင် မိမိကိုယ်ကို မိမိ အထင်ကြီး နေစေကာမူ ပညာတ်တရား အားဖြင့် အဘယ်သူမျှ ကယ်တင်ခြင်းသို့ မရောက်နိုင်ကြောင်း ရှင်းလင်းထင်ရှားစွာ သိမြင် နိုင်ပါသည်။

ခ။ကုသိုလ်ကောင်းမှုဖြင့် မလွတ်နိုင်ရာ။



သခင့်စကား ဝိညာဥ်ရေးရာ စာစောင်၊ အမှတ်စဥ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အချို့က ကောင်းသော ကိုယ်ကျင့်တရားနှင့် ဘာသာရေးအခန်း အတာ များဖြင့် ဘုရားရှင်က သူတို့အား ကောင်းကင်နိုင်ငံသို့ ဝင်ခွင့်ပြုမည်ဟု ထင်မှတ် မှားကြ၏။ ဖေက် ၂း၈–၉ တွင်ကြည့်ပါက ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရသည် ကိုယ့်ကုသိုလ်ကြောင့်မဟုတ်ဟု ဆိုထားသလို၊ တိတု ၃း၅ တွင်လည်း ကျွန်ုပ် တို့၏ ကောင်းမှုကုသိုလ်ဖြောင့်မတ်ခြင်းတရားကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ ခြင်း မဟုတ်ကြောင်း သိစေသည်။ အချို့က ပညတ်တော်ကို စောင့်ထိန်း ခြင်းဖြင့် ကယ်တင်ခြင်းကို မျှော်လင့်ကြသည်။ သို့သော် ဘုရားရှင်က “ပညာတ် တရား၏ အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်ရာ” ( ဂလာ ၂း၁၆) ဟုဆိုထားပါသည်။ ကောင်းမှုကုသိုလ်ဖြင့် လွတ်ရာသို့ မရောက်နိုင်သည့် အကြောင်းမှာကား။

(၁) ကောင်းသောအကျင့်တို့သည် အပြစ်ကြွေးမပေးဆပ်နိုင်၊ ပေးနိုင်သော နည်းက တစ်ခု တည်းသော လမ်းဖြစ်သည့် သေခြင်းသာ ဖြစ်၏ “ အသွေး မသွန်း လောင်း ပဲ၊ အပြစ် လွှတ်ခြင်းမရှိ” ( ဟေဗြဲ ၉း၂၂)။


( ၂ ) အပြစ်သားတို့၏ လုပ်ဆောင်သော ကောင်းသောအကျင့် တို့သည် အပြစ် တရား ကြောင့် စင်ကြယ်ခြင်း မရှိ သောကြောင့် သန့်ရှင်းတော်မူသော ဘုရားရှင် မြတ်၏ ရှေ့တော်တွင် နှစ်သက်ဖွယ်မမြောက် သောကြောင့်၊ ကောင်းသော အကျင့် တို့သည် လူကို ကယ်တင်ရာသို့ မရောက်စေနိုင်။

ဂ။ ကယ်တင်ခြင်းတွင် နောင်တရ ရမည်။

“သင်တို့ရှိသမျှသည် နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်” ဟု ခရစ် တော်က ( လု ၁၃း၃၅) တွင် မိန့်တော်မူခဲ့၏။ ရှင်ပေတရုက “သင်တို့၏ အပြစ်များကို ပြေစေ ခြင်းငှါ နောင်တရ၍ စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့” ( တမန် ၃း၂၀) ဟုဆို ခဲ့သည်။ ယနေ့လူအများက နောင်တရခြင်းသည် ဝမ်းနည်း၍မျက်ရည်ကျ ငိုကြွေး ခြင်းဟု ထင်မှတ်မှားကြသည်။ နောင်တရခြင်းဟူသည် “စိတ်နှလုံး ပြောင်းလဲခြင်း” ဖြစ်သည်။ မယုံကြည်သူတဦး ကယ်တင်ခြင်းသို့ရောက်ရန် ဦးစွာနောင်တရ၍ ပြောင်းလဲရပေမည်။ မိမိကိုယ်ကိုမိမိ လူကောင်းဟု ထင်မှတ်မထားမှီ သူသည် အပြစ်သား ဖြစ်ကြောင်းကို သိမြင်ပြီး နောင်တ ရရမည်။ ကောင်းကင်ဘုံသို့ ဝင်ရောက် ခြင်း မတိုင်မီ ကောင်းသော ဘာသာတရား အကျင့်တရားများထက် ခရစ်တော် ဘုရား ကသာ ကယ်တင်ခြင်း ပေးနိုင်ကြောင်း သိမှတ်နားလည်ပါမှ၊ နောင်တ တရားနှင့် အတူ ကယ်တင်ခြင်း လိုအပ်မှန်းကို သိလာပေလိမ့်မည်။

ဃ။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်သာ။

ယုံကြည်ခြင်းသည် တစ်စုံတစ်ဦးအပေါ် ယုံကြည် အားထားခြင်းဖြစ်သည်။ သမ္မာ ကျမ်းစာက လူသည်ယုံကြည်ခြင်းအားဖြင့်သာ ဘုရားရှင်နှင့်သင့်မြတ်စေပြီး၊ ကယ်တင်ခြင်း သို့ရောက်နိုင်ကြောင်း ရှင်းလင်းစေသည်။ ခရစ်တော်သည် ဘုရားရှင်၏ သားတော် ဖြစ်ပြီး အပြစ်ကြွေးကို ကားတိုင်ပေါ်တွင်ပေးချေကာ သေခြင်းမှ ရှင်ပြန် ထမြောက် စေသော အရှင်ဖြစ်ကြောင်း၊ ယုံကြည်ခြင်းသည် ထာဝရအသက်ကို ရရှိ စေသည်။ ယုံကြည်ခြင်းဆိုသော စကားကို အထူး အလေးပေးသည့်အရာကို ကြည့်ပါက“ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်” ( ရောမ ၁း၁၇) ဟူ၍၎င်း၊ “ထိုသူအပေါင်းတို့အပေါ်သို့ ရောက်သော ဘုရားသခင်၏ ဗဖြာင့် မတ်ခြင်းအားဖြင့် တရားသည်ထင်ရှားခဲ့ပြီ” ( ရော ၃း၂၂) ၊ တဖန် “ထို့ကြောင့် လူမည်သည်ကား … ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်တတ် သည်ဟု ယူရ၏” ( ရော ၃း၂၈)။ “ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏”၊ ( ရော ၄း၅)။ ထို့ကြောင့်ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်၏ ( ရော ၅း၁)။ အခြားအခြားသော သမ္မာ ကျမ်းပိုဒ်တို့ကလည်း “ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက် ထာဝရအသက်ကိုရသည်” ဟူ၍၎င်း ( ယော ၃း၁၆)၊ “သားတော်ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏” (ယော ၃း၃၆)။ “ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သော သူသည် ထာဝရအသက်ကိုရသည်…” (ယော ၅း၂၄)။ “သခင်ယေရှု ခရစ်ကို ယုံကြည်လော့ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်” ( တမန် ၁၆း၃၁)။ “ယေရှုသည် ခရစ်တော်ဖြစ်တော်မူသည်ကို ယုံကြည်သောသူမည်သည်ကား၊ ဘုရားသခင် ဖြစ်ပွားစေသောသူဖြစ်၏” (၁ ယော ၅း၁)။



ယုံကြည်ခြင်းဟူသည် ယေရှုခရစ်သည် ဘုရားရှင်၏ သားတော်ဖြစ်သည်ဟု သိ နားလည်ခြင်းထက် သာလွန်ကြောင်းနားလည်ရမည်။ နတ်ဆိုးတို့ပင် အသိ ဉာဏ် အားဖြင့် ဘုရားကို ယုံကြည်ကြသည် ( ယာ ၂း၁၉)။ စစ်မှန်သော ယုံကြည်ခြင်းကား ခရစ်တော်သည် ကိုယ်စားပြုအသက်တော်စွန့်၍ တဖန်သေခြင်းမှ ထမြောက်ကာ ကယ်တင်ခြင်း ကိုပေးသော အရှင်အဖြစ် ကိုးစားယုံကြည်ခြင်းဖြစ်သည်။ ထို့ကြောင့် ကောင်းကင်ဘုံ ရောက်ရန် သင်ဘာကို အမှီပြု နေပါသနည်း။ ကောင်းသော အကျင့် သီလ၊ နှစ်ခြင်းမင်္ဂလာ၊ အသင်းတော် စသဖြင့် တခုခုတို့အားဖြင့် ကောင်းကင် နိုင်ငံ သွားမည်ဟု တွေးခေါ်ကြံဆ မှီခိုခြင်းသည် ခရစ်တော်အား ယုံကြည်ကိုးစားခြင်း အစစ် မဟုတ်ပေ။ လူတဦးတယောက်က သူ၏ အပြစ်ကြွေးအတွက်ခရစ်တော်က ပေးဆပ်ပြီး ဖြစ်၍ ကောင်းကင်နိုင်ငံကို သွားရောက်ရမည်ဟူ၍ ယုံကြည်ခြင်းသည်သာ စစ်မှန်သော ယုံကြည်ခြင်းဖြစ်သည်။

*၄။ ပုဂ္ဂိုလ်တဦးချင်းနှင့်ဆိုင်သော ကယ်တင်ခြင်း။*

ကယ်တင်ခြင်းနှင့်ပါတ်သက်သော သွန်သင်ခြင်းသည် ရိုးရှင်းစွာ နားလည် ရမည့် အရာကား၊ လူသည် ခရစ်ယာန်မိသားစုတွင်မွေးဖွားခြင်း၊ ဘုရားကျောင်း တက်ခြင်းများအားဖြင့် စစ်မှန်သော ခရစ်ယာန်မဖြစ်နိုင်ပါ။ ကယ်တင် ခြင်းသည် တဦးချင်း တယောက်ချင်းစီနှင့်သာစပ်ဆိုင်သည်။ ယုံကြည်သူ ခရစ်ယာန် ဖြစ်လာရန် အတွက် သူသည် အပြစ်ဒုစရိုက်မှ နောင်တရ၍ ခရစ်တော် ဘုရားအား ကယ်တင်ရှင် အဖြစ် ကိုးစားခြင်းသာလျှင် အသစ်သော မွေးဖွားခြင်းကို ရရှိပြီး ယုံကြည်သူ ခရစ်ယာန် ဘုရား သားသမီး ဖြစ်လာပါသည်။ ထိုကယ်တင်ခြင်းနှင့်ဆိုင်သော အရာတွင် အချက် သုံးချက် ပါဝင်နေသည်။

က။ နှုတ်ကပါတ်တော်။

နှုတ်ကပါတ်တော်သည် လူ၏ နှလုံးတွင်အမြစ်တွယ်နေရာယူပြီး ကယ်တင် ခြင်းကို ဖြစ်ပေါ်စေသည့်မျိုးစေ့ပင်ဖြစ်သည် ( လုကာ ၈း၁၁)။ “ယုံကြည်ခြင်းသည် ကြားနာ ခြင်းအားဖြင့်ဖြစ်၏၊ ကြားနာခြင်းသည်လည်း ဘုရားရှင်၏ စကားတော် အားဖြင့် ဖြစ်၏” ( ရော ၁၀း၁၇)။ ဘုရားရှင်၏ နှုတ်တော်ထွက် စကားတော်သည် နှလုံးကို ထိုးထွင်းစေကာ နှုတ်ကပါတ်တော် သမ္မာတရားကို နားလည်စေသည်။ ( ဟေဗြဲ ၄း၁၂)။ အခြားသူတဦးကလွတ်မြောက်ရာ ကယ်တင်ခြင်းလမ်းစဉ်သည် တခြား နည်းလမ်းဖြင့် ရ၏ ဟူ၍ ပြောဆိုလာပါက၊ ဘုရားရှင်ဖေါ်ပြသော အပြစ်နှင့်၊ ဘုရားရှင် ပြင်ဆင်ပေးသော ကယ်တင်ခြင်းလမ်းစဉ်ကို သမ္မာကျမ်းစာမှ ပြသရန်မှာ လွန်စွာ အရေး ကြီးလှပေသည်။

ခ။ ဝိညာဉ်တော်ဘုရား၏ လမ်းပြမှု။

သန့်ရှင်းသော ဝိညာဉ်တော်သည် လူတို့အား အပြစ်တရားကို ဖေါ်ပြ၍၊ လူတို့ အား နောင်တတရားသို့ ပို့ဆောင်ကာ ကယ်တင်ခြင်းသို့ ရောက်စေပါသည် ( ယော ၃း၅–၈၊တိတု ၃း၅၊ ယော ၁၆း၈–၉)။ကျွန်ုပ်တို့သည် လူတို့အား ခရစ်တော်ထံသို့ ပို့ဆောင်ရာတွင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားက လူတို့၏ အပြစ်ကိုဖေါ်ပြ၍ နောင်တ တရားနှင့် ခရစ်တော်ထံရောက်ရှိရန် ဆုတောင်းခြင်း အမှုကို အလေး အနက် ထားရပေမည်။

ဂ။ လက်ခံယုံကြည်ခြင်း။

ကယ်တင်ခြင်းသို့ရောက်ရန်အတွက်လူသည် ဘုရားရှင် ပြင်ဆင်ပေးသော ကယ်တင်ခြင်း တရားကို တုန့်ပြန်လက်ခံရန် လိုအပ်ပေသည်။ သူသည် အပြစ်တရားမှ နောင်တ နှင့်အတူ ဘုရားရှင်အား လုံးဝကိုးစား ယုံကြည်လက်ခံရမည်။ ယုံကြည်ခြင်း အားဖြင့် တုန့်ပြန်၍ လက်ခံရမည်။ ဘုရားရှင်က ကယ်တင်မည်ဆိုသော ကတိတော် ကိုလည်း ယုံကြည်လက်ခံရမည်။ ထိုအရာတို့သည် အပြင်ပန်းသဏ္ဍာန်အားဖြင့် ပြောဆိုခြင်း သက်သက် မဟုတ်ပဲ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ကယ်တင်ခြင်းကို ခရစ်တော်ကို ကိုးစားခြင်း အားဖြင့်သာ လက်ခံခြင်းဖြစ်ရပေမည်။ ဆယ်မြူရယ်စိုးလွင်


သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။
ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် စမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001

## ဘဏ္ဍာနှင့် ယါကြီ–၁၆

ဘဏ္ဍာနဲ့ပါဂါ- ၁၆ *(မင်းအောင်သက်လွင်)*



ကျနော့် မိတ်ဆွေ တစ်ယောက်ရဲ့ အသင်းတော် တစ်ခုက တကယ့် အဖြစ်အပျက်လေးပါ။ အသင်းတော်ရဲ့သင်းအုပ်ဆရာကို လစဉ် အလှူငွေ ထောက်ပံ့ဖို့ အသင်းတော် ကောင်စီက ဆုံးဖြတ်ချက် တစ်ခု ချပါတယ်။ ဆရာရဲ့ လစာ ငွေကို ကျပ်တစ်သိန်း သတ်မှတ်ပြီး လစဉ် ဘဏ္ဍာရေးမှူး ဖြစ်သူမှ အသင်းသား အိမ်တွေကိုလှည့်ပြီး တစ်လ တစ်ခါ အလှူငွေ ကောက်ပေးရမှာ ဖြစ်ပါတယ်။ အသင်းတော်ကောင်စီ က သတ်မှတ်ထားတာ ကျပ်တစ်သိန်း ပါဘဲ။ ဒါပေမဲ့ ဒီလို ငွေ ပမာဏ သတ်မှတ်ချက်ကို အသင်းတော်ကောင်စီ ဝင်တွေက လွဲရင် သာမာန် အသင်းသားတွေမသိကြပါဘူး။ ဒါကို အကွက်ချောင်း နေတဲ့ ဘဏ္ဍာရေးမှူး(ကျနော့် မိတ်ဆွေရဲ့ဂမ်းကွဲ ခဲအို) ဟာ လစဉ် သင်းအုပ် လစာ အလှူငွေ တစ်သိန်းထက် မက ရဖို့လူတွေကို အားမနာတမ်း အလှူခံ တတ်တဲ့ အမျိုးသမီးတစ်ဦး (ကျနော့် မိတ်ဆွေရဲ့ညီမ စွာတေးလန်မ)ကို အခ ပေးပြီး ကောက်ခံစေပါတယ်။ ဘယ်လောက် ရရကောက်ပါ။ အသင်းသားတွေ အလှူငွေ များများ ထည့်ချင်စိတ် ပေါက်အောင်လှုံ့ဆော်ဖို့ ဘဏ္ဍာရေးမှူး ဖြစ်သူမှ ခိုင်းစေခဲ့ပါတယ်။ မက်လုံးကတော့ ကော်မရှင်ခ ၂၀ ရာခိုင်နှုန်း ရမယ်တဲ့လေ။ အဲဒီတော့ စွာတေးလန် အလှူခံ မမ ဟာ လစဉ်အသင်းသားအိမ်တွေဆီ လှည့်ပြီး သင်းအုပ် လစာ အတွက် အလှူခံ ထွက်ပါတယ်။ အသင်းသား အိမ်တွေကလဲ တစ်ရပ်ကွက်တည်း သားတွေမို့ အိမ်ချင်း ကပ်နေကြတာ များပါတယ်။ အိမ်ရှေ့ ရောက်ရင် အိမ်သားတွေကို နင်တို့က ကိုယ့်သင်းအုပ်ဆရာ အတွက် အလှူငွေ ထည့်ပါ။ နည်းသေးတယ်။ ထပ်ထည့်အုံး။ ကပ်စေးနဲ လှချည့်လား။ များများလှူ မှ ဘုရားကောင်းကြီး ပေးမှာပေါ့။ ကိုယ့်သင်းအုပ်ကို ပေးဖို့ နမြောနေလား။ ဘာညာကွိကွ စကားလုံးများနဲ့ စွာကျယ် စွာကျယ် အလှူခံတော့ အသင်းသားတွေက သူ့ပါးစပ်ကို ကြောက်တာတကြောင်း။ ဘေးအိမ်ကြားမှာ ရှက်တာက တကြောင်းကြောင့် အလှူငွေ များများ ထည့်ကြပါတယ်။ သတ်မှတ် စံချိန် ကျပ်တစ်သိန်း ထက် ကျော်ပြီး တစ်ခါ တစ်လေ ကျပ်နှစ်သိန်း သုံးသိန်း အထိ ကောက်ခံရလေ့ ရှိပါတယ်။ အလှူခံ ပေးသူ မစွာတေးလန် ကတော့ ဘဏ္ဍာရေးမှူးနဲ့ ကတိကဝတ် ပြုထားတဲ့ အတိုင်း ကော်မရှင်ခ ၂၀ ရာခိုင်နှုန်း ရပါတယ်။ ဥပမာ တစ်လ သုံးသိန်း ကောက်ခံရတဲ့ လတွေမှာ သင်းအုပ်ဆရာ ကတော့ ကောင်စီ ဆုံးဖြတ်ချက်အတိုင်း ပုံမှန် တစ်လ တစ်သိန်း ကျပ်ဘဲ ရပေမဲ့ မစွာတေးလန်က ခြောက်သောင်း ရပါတယ်။ ဘဏ္ဍာရေးမှူးရေးမှူးက ပိုငွေ တစ်သိန်းလေးသောင်း ရပါတယ်။ ဘဏ္ဍာရေးမှူး ဖြစ်သူရဲ့ လခက သင်းအုပ် ထက်တောင် များနေပါသေးတယ်။ မစွာတေးလန်း အလှူခံနဲ့ ဘဏ္ဍာရေးမှူး ဖြစ်သူတို့ နှစ်ပေါက်တစ်ပေါက် အကွက်ကို အသင်းသားတွေရော အသင်းတော် ကောင်စီဝင် တွေပါ မသိကြပါဘူး။ အဲဒီလို အလှူငွေကို လုပ်စားကြတဲ့ အတွက် ရလဒ် ကတော့ အလှူခံ မစွာတေးလန် ခမျာ ပြောင်ပြောင်ရောင်ရောင် မရှိပါဘူး။ နေ့စဉ် ဈေးရောင်းငွေ၊ ခင်ပွန်းသည် ဂန်ထမ်း လစာငွေနဲ့ အစ်မ ဖြစ်သူ(ကျနော့် မိတ်ဆွေ) တို့ စင်ကာပူက ထောက်ပံ့ငွေအပြင် အလှူခံ ကော်မရှင်ခ ငွေတွေ အများအပြား ဝင်ငွေ စာရင်း ပြနေပေမဲ့ လစဉ် မိသားစုဝင်တွေ နေမကောင်းတာ။ ဟို အသုံးစရိတ် ဒီ အသုံးစရိတ် အမျိုးမျိုးကြောင့် ဖုတ်လိုက်ဖုတ်လိုက် နဲ့ မလောက်မင ဖြစ်နေခဲ့ ပါတယ်။ နောက်ဆုံး စင်ကာပူက အစ်မ ဖြစ်သူက အဖြစ်မှန် သိသွားလို့ ဘုရား ဘဏ္ဍာ အလှူငွေကို အခုလို စီးပွားရေး ပုံစံနဲ့ မလုပ်ကောင်းဘူးလို့ ဆုံးမ လိုက်မှ အမြင်မှန်ရပြီး အလှူခံတဲ့ အလုပ်ကို လုံးဂ မလုပ် တော့ပါဘူး။ အဲဒီနောက်ပိုင်းမှ မစွာတေးလန် အလှူခံ မမဟာ စီးပွားရေး အဆင်ပြန်ပြေ လာခဲ့ပါတယ်။ မိုက်တွင်းနက်ဆဲ ဘဏ္ဍာရေးမှူး ဖြစ်သူကတော့ ရတဲ့ အလှူငွေ တွေကို ငွေတိုး ချေးစားတဲ့အပြင် သမီးဖြစ်သူ စင်ကာပူက ပို့လိုက်တဲ့ ငွေတွေ။ ဘုရားကျောင်း အပါတ်စဉ် ကောက်ခံရတဲ့ အလှူငွေတွေ အမျောက်အမြားကို ကိုင်ထား ထိန်းသိမ်း ထားရတော့ ရူးကြောင်ကြောင် ဖြစ်ပြီး ဘယ်သူ့ကိုမှလဲ မယုံတော့ဘူး။ ငွေတွေကို ဘဏ်ထဲမှာ မအပ်ထားဘဲ၊ သူ့အိမ် သူ့အိပ်ခန်းထဲမှာ ငွေအထုတ်လိုက် သိမ်း ထား ပါတယ်။ မှိုတက် နေတဲ့ ငွေထုတ်ကို နေ့နေ့ညည ဓါးကိုင်ပြီး မအိပ်မနေဘဲ ငုတ်တုတ် ထိုင်စောင့်နေသတဲ့။ အိမ်မှာ ဓါး ၁၀ လက်ကို ကျကျ နန သွေးထားပြီး အိမ်ထရံမှာ ထိုးထားတယ်။ ငွေထည့်ထားတဲ့ အိပ်ခန်းထဲကနေ အပြင်ကို လုံးဂမထွက်ဘဲ ဥစ္စာရူးလို ငွေစောင့်နေသတဲ့။ ဘယ်အချိန် သူ့အိမ် သူခိုး လာမလဲ။ ဘယ်သူ ဓါးပြ လာတိုက်မလဲ လို့ နေ့စဉ် စိုးရိမ်စိတ်တွေနဲ့ ရူးကြောင်ကြောင်ဖြစ်ပြီး မိန်းမကိုတောင် မယုံတော့ဘူး။ အစာ စားချိန် ကျရင် မိန်းမ ဖြစ်သူက သူကြိုက်တဲ့ လမ်းထိပ်က ခေါက်ဆွဲကြော်ဂယ်လာ ပေးမှ စားတယ်။ ဘယ်မှလဲ မသွားတော့ဘူးတဲ့။ မိန်းမ ဖြစ်သူက သူ့ယောက်ျား ဘဏ္ဍာရေးမှူး ဖြစ်သူ စိတ်ပြန် ကျန်းမာလာအောင် ရပ်ကွက်ထိပ်က စိတ်ရောဂါကု ဆရာဂန် ထံ တင်ပြ အကြံဉာဏ်တောင်းပြီး အပါတ်စဉ် သောက်ဆေး တောင်းပြီး ယောက်ျားကို ဆေးတိုက်ပြီး ကြိတ် ကုနေရတယ်တဲ့။ ဒါက တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးပါ။ ကာယကံ ရှင်တွေကို မထိခိုက် မနစ်နာရအောင် အမည် လိပ်စာ ထည့်မရေးပေမဲ့ ကျနော့် မိတ်ဆွေက သူ့ညီမ အရင်း အလှူခံ စွာတေးလန်နဲ့ သူ့ ခဲအို ဂမ်းကွဲ အစ်ကို ဂမ်းကွဲဘဏ္ဍာရေးမှူး ဖြစ်သူအကြောင်း အခြား ယုံကြည်သူတွေ သင်ခန်းစာ ယူလို့ရအောင် သက်သေခံ သွားခဲ့ပါတယ်။ ။ မင်းအောင်သက်လွင်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကနဦး၁၀ ထုတ်ဝေသည်။

သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယုံကြည်ခြင်းသည် ဖြစ်၏ ...

ယေရှု ၌ သမ္မာတရား ရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီးသတည်း။ ဧဖက် ၄:၂၁

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် စမ္ပဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ဝေချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# [~~သခင်~~] ဆရာစေရာ

*ကာတွန်း - မင်းအောင်သက်လွင်*

(အခြေပြုကျမ်း။ ၁တိမောသေ ၁း၆-၇။ လူ အချို့ တို့သည် ---အချည်း နှီး သော စကား ပြောခြင်း သို့ လွဲသွားကြပြီ။ ထို သူတို့သည် မိမိ တို့ ပြောသော အရာကို နား မလည်။ ***အဘယ် သို့သော တရား ဘက်၌ မိမိတို့ ခိုင်မာစွာ နေသည် ကို မသိဘဲလျှက်နှင့်သာရည်း ဆရာ လုပ် ချင် ကြသည် တကား။***) ((အခြေပြုကျမ်း-၂တိ၄း၃-၄။ နောင် ကာလ၌ လူတို့သည် စင်ကြယ် သော ဩဝါဒကို နား မခံနိုင်ဘဲ၊ ယား တတ်သော နား ရှိလျှင် ***မိမိ တပ်မက်ခြင်း အတိုင်း များပြား သော ဆရာတို့ နောက် သို့ လိုက်ကြ လိမ့်မည်။*** သမ္မာ တရားကို နား မထောင်ဘဲ။ ဒဏ္ဍာရီ စကား ကို နား ထောင်၍ လွဲသွား ကြလိမ့်မည်။ ၂တိ ၄း၃-၄ ))




ဂုန်ခံချက်။ မည်သူ့ကိုမှ မရည်ရွယ်ပါ။ သမ္မာကျမ်းစာအား မိမိစိတ်ကူးဖြင့် သရုပ်ဖော်ထားခြင်းသာဖြစ်ပါသည်။

# သခင့်စကား

# The LORD's Word

**ခရစ်တော်၏ စကားကို ကြားနာရသည်ဖြစ်၍ ယေရှု ၌ သမ္မာတရား ရှိသည်နှင့် အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။ ဧဖက် ၄:၂၁**

အမှတ်စဉ် (၁၈၀) ဩဂုတ်လ ၂၀၁၆ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် ) **၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။**

Est; September 2001

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ;

**thelordword@gmail.com**. နှင့်

Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက

Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။

ဝိညာဉ်ရေးရာ ရသစုံ

(ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account

lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ

***friend request*** လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။

**မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည်**

**ဝိညာဉ်ရေးရာစာစောင်**



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၀ ဩဂုတ်လ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ၈၅၃၀ ထုတ်ဝေသည်။